# WELCOME TO OUR
# PROVEN GROUP OF COMPANIES



## January, February, March 2024 Quarterly Newsletter

### HIGHTLIGHTS ✦✦



- နှစ်သစ်ဆုမွန်လွှာ
- CSR မူဝါဒရေးရာ ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပခြင်း
- ဝန်ထမ်းများ၏ ချောင်းသာအပန်းဖြေခရီးစဉ်ပုံရိပ်များ
- ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ကျင်းပသော (YRYEA Expo 2024 Bridging Businesses) ပွဲတွင် ပါဝင်အားဖြည့်ခြင်း
- Annual Corporate Photo ရိုက်ကူးခြင်း
- Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများအပါအဝင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပခြင်း
- မော်လမြိုင်ရှုံးခွဲ ပန္နက်တင်မင်္ဂလာအခမ်းအနား
- အထွေထွေကော်မတီ အစည်းအဝေးများ ကျင်းပခြင်း
- ISO Awareness Training ပုံရိပ်များ
- Annual Supplier Meeting 2024 ကျင်းပခြင်း
- ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း

Thank you!

# နှစ်သစ်ဆုမွန်လွှာ
# " HAPPY NEW YEAR 2024"

## WISHING YOU A NEW YEAR 2024 FULL OF HEALTH AND HAPPINESS

## ၂၀၂၄ နှစ်သစ်မှစ၍ မိဘပြည်သူများ အားလုံး ပျော်ရွှင်ခြင်း အပြည့်နှင့် ပြီးပြည့်စုံတဲ့ နှစ် တစ်နှစ်ကို ပိုင်ဆိုင်နိုင်ပါစေကြောင်း TOYO & LION BATTERY မိသားစု မှ ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

## ၂၀၂၄ ခုနှစ် ပထမအကြိမ် CSR မူဝါဒရေးရာ ကော်မတီအစည်းအဝေးကျင်းပခြင်း




CSR Steering Committee ဝင်များအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၏ လက်ကျန်ကာလဖြစ်သည့် January၊ February၊ March အတွင်း ညီနောင်ကုမ္ပဏီတစ်ခုချင်း၏ သီးခြားဆောင်ရွက်မည့် CSR ကိစ္စများအတွက် သုံးစွဲမည့် Estimate Budget များကို တင်ပြခိုင်းထားပြီးဖြစ်ကြောင်း၊ ငွေရေးကြေးရေးကိစ္စများ ဆောင်ရွက်သည့်အခါတွင်လည်း အရှေ့ကပြောခဲ့သည့် Policy များအတိုင်း လုပ်ငန်းခွင်ဒေသအတွင်းရှိ လုပ်ငန်းခွင်အသိုင်းအဝိုင်းနှင့် ၎င်းဒေသ၏ အကျိုးကိုလည်း ဆောင်ရွက်ရန်အပြင် ဝန်ထမ်းမိသားစုနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကိုလည်း မျှတအောင်ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ CSR ကိစ္စများကို ကြိုတင်သိလျှင် ကြိုတင်တင်ပြရန်နှင့် URGENT ဖြစ်သည့်ကိစ္စရပ်များကိုလည်း ဒါရိုက်တာအဖွဲ့သို့ တင်ပြကာ ၎င်းတို့ခွင့်ပြုပါက ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ လက်ရှိဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများအတွက် အတိုးမဲ့ချေးငွေများ၊ ဝန်ထမ်းမိသားစု၏ သားသမီးများသို့ ပညာရေးဆိုင်ရာ ထောက်ပံ့ပေးခြင်းများ၊ ပရဟိတအသင်းယာဉ်များအား အခမဲ့ ဘတ်ထရီစစ်ဆေးပေးခြင်း/ လှူဒါန်းခြင်း၊ အောက်စီဂျင်လှူဒါန်းခြင်း၊ သောက်သုံးရေလှူဒါန်းမှုများကို ဆက်လက်ဆောင်ရွက်သွားရန်နှင့် စက်မှုဇုန်စိမ်းလန်းစိုပြေရေးအတွက် သစ်ပင်ပန်းပန်များစိုက်ပျိုးခြင်းနှင့် အရိပ်ရ အပန်းဖြေနေရာများ တည်ဆောက်ခြင်း၊ သွေးလှူဒါန်းပွဲကျင်းပခြင်း စသည်တို့ကိုလည်း ထပ်တိုးဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

# ဝန်ထမ်းများ၏ ချောင်းသာအပန်းဖြေခရီးစဉ်ပုံရိပ်များ












Proven Group နှင့်အတူ ရပ်တည်ပေးခဲ့ကြသည့် လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများအား တစ်နှစ်တာပင်ပန်းမှုများကို ဖြေဖျောက်ပေးနိုင်ရန်အလို့ငှာ ချောင်းသာခရီးစဉ်အား စီစဉ်ခဲ့ပြီး Proven Technology Industry Co., Ltd နှင့် Proven Polyworld Co., Ltd တို့သည် ၄.၀၁.၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ Proven Group of Companies နှင့် Proven Distribution Co., Ltd တို့သည် ၂၀.၀၁.၂၀၂၄ ရက်နေ့တွင်လည်းကောင်း (၂)ညအိပ်၊ (၃)ရက်ခရီးစဉ်အား စုစုပေါင်းဝန်ထမ်းဦးရေ (၂၈၇)ဦးတို့ကို ပို့ဆောင်ပေးခဲ့ပါသည်။ ဝန်ထမ်းများနှင့်အတူ Game အစီအစဉ်များ၊ အသိပညာနှီးနှောဖလှယ်ခြင်း အစီအစဉ်များ၊ CSR Activities အဖြစ် ကမ်းခြေတွင် အမှိုက်ကောက်ခြင်း၊ ပုသိမ်မြို့ရှိ အထင်ကရနေရာများသို့ အလည်အပတ်ပို့ခြင်းများနှင့် Group Photo များရိုက်ခြင်း စသည့် အစီအစဉ်များဖြင့် ပျော်ရွှင်စွာ သွားရောက်ခဲ့ကြပါသည်။

## ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ကျင်းပသော (YRYEA EXPO 2024 BRIDGING BUSINESSES) ပွဲတွင် ပါဝင်အားဖြည့်ခြင်း

YRYEA မှ ကြီးမှူးကျင်းပသော ပထမအကြိမ် YRYEA Expo 2024 ၏ Bridging Businesses ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ (၃)ရက်တိုင်တိုင် Yangon Convention Centre တွင် ကျင်းပခဲ့ရာ Proven Group of Companies မှလည်း Platinum Sponsor အနေဖြင့် Start-up လုပ်ငန်းများ၊ Entrepreneur များကို တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးခဲ့ပါသည်။ ညီနောင်ကုမ္ပဏီဖြစ်သည့် Proven Distribution Co., Ltd ၏ ဖြန့်ဖြူးလျက်ရှိသော ကုန်ပစ္စည်းများအား အရောင်းပြခန်းဖြင့် ပြသရောင်းချပေးခဲ့ပါသည်။






# ANNUAL CORPORATE PHOTO ရိုက်ကူးခြင်း





PROVEN GROUP OF COMPANIES ၏ နှစ်စဉ်ပြုလုပ်လျက်ရှိသည့် Annual Corporate Photo ရိုက်ကူးခြင်းအား ၂၇.၀၁.၂၀၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့ရာ ညီနောင်ကုမ္ပဏီများ၏ Management Level ရှိ ညီအစ်ကိုမောင်နှမများအားလုံးပါဝင်ခဲ့ကြပြီး ပျော်ရွှင်စွာ ဓာတ်ပုံရိုက်ခြင်းအပြင် အချင်းချင်းမိတ်ဆက်ခြင်း လုပ်ငန်း၏ လာမည့် အနာဂတ်အတွက် မည်သို့ကြိုးစားဆောင်ရွက်သွားမည်ကို နှီးနှောဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

# PROVEN GROUP OF COMPANIES နှင့် ညီနောင်ကုမ္ပဏီများအပါအဝင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပခြင်း







PROVEN
GROUP OF COMPANIES

"သွေးလှူဒါန်းပွဲဖိတ်ကြားလွှာ"

Proven Group of Companies ၏ လူမှုအကျိုးပြုလုပ်ငန်းစဉ် တစ်ရပ်အနေဖြင့် " သင့်သွေးဖြင့်အသက်ကယ်ပါ " ဟူသောဆောင်ပုဒ်နှင့်အညီ လူမှုအသိုင်းအဝိုင်းကို အကျိုးပြုရန်ရည်ရွယ်၍ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည် ဖြစ်ပါသဖြင့် ပူးပေါင်းပါဝင်လိုပါက ပါဝင်လှူဒါန်းမှုပြုနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | ၁.၃.၂၀၂၄ ရက်နေ့ ( သောကြာနေ့ ) |
| ကျင်းပမည့်အချိန် | – | နံနက် ( ၉ : ၃၀ ) နာရီ |
| ကျင်းပမည့်နေရာ | – | အမျိုးသားသွေးလှူဘဏ် |
| ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် | – | ဒေါ်မြတ်ကလျာနန္ဒီ |
| ဆက်သွယ်ရမည့်ဖုန်းနံပါတ် | – | |





PROVEN GROUP OF COMPANIES ၏ လူမှုအကျိုးပြု (CSR) လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ညီနောင်ကုမ္ပဏီများနှင့် အတူ စုပေါင်းသွေးလှူဒါန်းပွဲကို ၁.၀၃.၂၀၂၄ ရက်နေ့ (သောကြာနေ့) နံနက် (၉:၃၀)နာရီအချိန်တွင် အမျိုးသားသွေးလှူဘဏ်(ရန်ကုန်)တွင် ပြုလုပ်ခဲ့ပြီး စုစုပေါင်း သွေးအလှူရှင် (၅၀)ဦးမှ သွေးလှူဒါန်းခဲ့ကြပါသည်။ သွေးလှူဒါန်းခဲ့ကြသည့် ဝန်ထမ်းညီအစ်ကိုမောင်နှမများနှင့်အတူ Volunteer များမှလည်း အာဟာရဒါနများ ပေးဝေခြင်းဖြင့် အများပြည်သူအကျိုးအတွက် တစ်တတ်တအား ပါဝင်ခဲ့ကြပါသည်။


## မော်လမြိုင်ရုံးခွဲ ပန္နက်တင်မင်္ဂလာအခမ်းအနား





PROVEN GROUP OF COMPANIES ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Distribution Co., Ltd မှ မော်လမြိုင်ရုံးခွဲဖွင့်လှစ်ရန်အတွက် အဆောက်အဦမြေနေရာပေါ်တွင် ပန္နက်တင်မင်္ဂလာကို ၅.၀၃.၂၀၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။


## အထွေထွေကော်မတီအစည်းအဝေးပုံရိပ်များ




၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ညီနောင်ကုမ္ပဏီအလိုက် ချမှတ်ထားသော လူမှုအကျိုးပြု ဘတ်ဂျက်များကြိုတင်ရေးဆွဲကာ ကုမ္ပဏီအလိုက် လူမှုအကျိုးပြုကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၁၂.၀၃.၂၀၂၄ ရက်နေ့တွင် Zoom App (Online) မှ တစ်ဆင့် ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ကြပါသည်။

Proven Group of Companies ၏ Nomination & Remuneration Committee အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းရွေးချယ်ခန့်ထားရေး၊ လစာနှင့် အကျိုးခံစားခွင့်စသည်တို့အတွက် ကော်မတီအနေဖြင့် ဆွေးနွေးညှိနှိုင်းမှုအား ၂၁.၀၃.၂၀၂၄ ရက်နေ့တွင် Zoom App (Online) မှ တစ်ဆင့် ပြုလုပ်ခဲ့ပါသည်။






Proven Group of Companies ၏ Audit and Risk Management Committee အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် Proven Group နှင့် ညီနောင်ကုမ္ပဏီများတွင် ပြင်ပစာရင်းစစ်အဖွဲ့စစ်ဆေးနိုင်ရေး ရွေးချယ်ထားမှုများနှင့် ၎င်းတို့ဘက်မှ တွေ့ရှိချက်များကို Management အနေဖြင့် တာဝန်ယူဖြေရှင်းပေးနိုင်ရေးဆောင်ရွက်ချက်များ၊ လက်ရှိလုပ်ငန်းအပေါ်သက်ရောက်နေသည့် Risk များအတွက် ဆွေးနွေးညှိနှိုင်းမှုအား ၂၅.၀၃.၂၀၂၄ ရက်နေ့တွင် Zoom App (Online) မှ တစ်ဆင့် ပြုလုပ်ခဲ့ပါသည်။

# ISO AWARENESS TRAINING ပို့ချပေးခြင်း

PROVEN GROUP OF COMPANIES ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Technology Industry Co., Ltd သည် ISO 9001: 2015 ရရှိထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ ISO Awareness Training အပြင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော International Automobile Task Force - IATF 16949 (QMS) Certificate ရရှိရေး ဆောင်ရွက်နေသော ကုမ္ပဏီ(၁)ခုဖြစ်ကြောင်းနှင့် Audit အစစ်ဆေးခံရန် အတည်ပြုတင်ပြဆောင်ရွက်မှုများကို ၂၃.၀၃.၂၀၂၄ ရက်နေ့တွင် ဝန်ထမ်းသစ်များအား ပို့ချပေးခဲ့ပါသည်။






# ANNUAL SUPPLIER MEETING 2024 ကျင်းပခြင်း

PROVEN GROUP OF COMPANIES ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Technology Industry Co., Ltd တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကုမ္ပဏီရေရှည်တည်တံ့စေရန်နှင့် ကုမ္ပဏီ၏ လိုလားချက် ISO Standard နှင့်အညီ အရည်အသွေးပြည့်မီသော ကုန်ကြမ်းများကို ဖြည့်ဆည်းပေးလျက်ရှိသည့် လုပ်ငန်းရှင် Supplier များနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ ပို့ကုန်/သွင်းကုန်လိုင်စင်များနှင့် ကြုံတွေ့နေရသော အခက်အခဲများ၊ ကုမ္ပဏီ၏ ငွေပေးချေမှု စနစ်များ ပုံမှန်ရှိ/မရှိနှင့် အဆင်ပြေချောမွေ့စေရန် မည်သို့ညှိနှိုင်းဆောင်ရွက်ကြမည်ကို ဆွေးနွေးပွဲတစ်ရပ်အနေဖြင့် ၂၂.၀၃.၂၀၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့ကြပါသည်။ ၎င်းဆွေးနွေးပွဲတွင်  AYA Bank နှင့် Invoice Financing ကိစ္စရပ်များ၊ စက်ရုံသစ်တည်ဆောက်နေခြင်းဆောင်ရွက်မှုများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်ရန်ကိစ္စရပ်များ၊ အရည်အသွေးပြည့်မီသော ပစ္စည်းများတင်ပို့ပေးရန်အတွက် Supplier များနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ SPGs ကို လိုက်နာကျင့်သုံးနေသည့်အကြောင်းနှင့် Guideline များအတိုင်း Supplier များအား လေ့လာနိုင်ရန်အတွက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။





# ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း






PROVEN GROUP OF COMPANIES နှင့် ညီနောင်ကုမ္ပဏီများတွင် နှစ်စဉ် Department အသီးသီး၏ Achievement ရရှိခဲ့မှုများ၊ ဝန်ထမ်းများအချင်းချင်း ရင်းနှီးမှုရရှိစေရန်နှင့် ၎င်းတို့၏ လိုလားချက်/ဆန္ဒများကို ဆွေးနွေးနိုင်စေရန်ရည်ရွယ်၍ ဝန်ထမ်းထုအစည်းအဝေးအား ကျင်းပလျက်ရှိရာ ၂၉.၀၃.၂၀၂၄ ရက်နေ့တွင် Proven Group of Companies နှင့် Proven Distribution Co., Ltd တို့အနေဖြင့်လည်းကောင်း၊ ၃၀.၀၃.၂၀၂၄ ရက်နေ့တွင် Proven Technology Industry Co., Ltd တွင်လည်းကောင်းကျင်းပပြုလုပ်ခဲ့ပါသည်။ ဝန်ထမ်းညီအစ်ကိုမောင်နှမများအနေဖြင့်လည်း မိမိတို့ဌာနအသီးသီး၏ Objective များ၊ Goal များအပြင် အခြားသော ဌာနများ၏ ဆောက်ရွက်ချက်များကို နီးနှောဖလှယ်ခွင့် ရရှိခဲ့သည့်အပြင် အကောင်းဆုံး Presentation ဆုများ၊ မွေးနေ့ကံထူးရှင် လက်ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစရိတ် ထောက်ပံ့ငွေ ပေးအပ်ခြင်း စသည့် အစီအစဉ်များ ပြုလုပ်ခဲ့ကြပါသည်။





**GET IN TOUCH US:**

NO. F/S-14, BAYINTNAUNG ROAD, SHWE SABEI YEIKMON, KAMAYUT TOWNSHIP, YANGON, MYANMAR. (POSTCODE -11041)

**CORPORATE CONTACT NO.** (+95)9 880876920

☎**OFFICE NO.** (+95-1) 7 531 030 / 7 531 041 / 7 527 667